# ကရင်ဆေးကောလိပ်

## ပထမနှစ် B.Sc (PA)

## သင်တန်း အမှတ်စဉ် ၄ (၅/၂၀၂၅)

**ဤလမ်းညွှန်ကို သေချာစွာ ဖတ်ရှုပြီးမှ ဝင်ခွင့်လျှောက်လွှာကို ဖြည့်စွက်ပါ။**

### ကရင်ဆေးကောလိပ်မိတ်ဆက်

Karen Medical College (ကရင်ဆေးကောလိပ်) သည် ဝေးလံခေါင်ဖျား နေရာဒေသများ၊ ကျန်းမာရေးစနစ် လက်လှမ်းမမှီသောနေရာဒေသများမှ ပြည်သူလူထုများအတွက်အရည်အသွေး ပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိ နိုင်စေရန် ရည်ရွယ်၍ အရည်အချင်း နှင့် စေတနာ တရားပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်သူများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးမည့် ကောလိပ် တစ်ခုဖြစ်ပါသည်။ ဤကရင်ဆေးကောလိပ်သည် ကရင်တိုင်းရင်းသား ကျန်းမာရေးဌာနများ၏ စုစည်း အင်အားဖြင့် ဖွင့်လှစ်သည့် ကောလိပ် ဖြစ်သည်။ ကောလိပ်တည်ရှိရာနေရာမှာ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်မြို့ ဒေသအတွင်းတွင် ဖြစ်ပါသည်။ အပတ်စဉ်တစ်ခုလျှင် စာသင်နှစ်စုစုပေါင်း ငါးနှစ်တာကြာမြင့်မည့် Physician Assistant Training Program ဖြစ်ပြီး၊ သင်တန်း အောင်မြင် ပြီးမြောက်သော Physician Assistant များအနေဖြင့်ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသော ရပ်ရွာပြည်သူလူထုအား ပြန်လည် အကျိုးပြုနိုင်ရန် ရည်ရွယ်သည်။

### ဆေးကောလိပ်၏ မျှော်မှန်းချက်

လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန် ဆေးပညာအရည်အချင်း၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်သိက္ခာပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ မွေးထုတ်ပေးနိုင်မည့် စဉ်ဆက်မပြတ်ပညာလေ့လာသင်ကြားနိုင်သောနေရာတစ်ခုဖြစ်ရန်၊ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်းစီ နှင့် ရပ်ရွာလူထုတစ်ရပ်လုံး အတွက် ပညာရေးတိုးတက်မှုများ ဖန်တီးပေးနိုင်သော အခွင့်အလမ်း တံခါးပေါက် တစ်ခု ဖြစ်နိုင်ရန်မျှော်မှန်းသည်။

**ဆေးကောလိပ်၏ ရည်ရွယ်ချက်**

၁။ မတူကွဲပြားသည့်အခြေအနေမှလာကြသော စိတ်အားထက်သန်မှုရှိသည့် တိုင်းရင်းသားကျောင်းသူ ကျောင်းသားများကို ဆေးပညာလမ်းညွှန်သင်ကြားပေးခြင်းဖြင့် စံနမူနာယူထိုက်သော ကျန်းမာရေး စောင့်ရှောက်မှု ကျွမ်းကျင်သူများဖြစ်လာစေရန်၊ စဉ်ဆက်မပြတ် ဆေးပညာလေ့လာသင်ယူ စေနိုင်ရန် နှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်၊

၂။ ဆင်းရဲနွမ်းပါးသောပြည်သူလူထုအတွက်သက်သေအထောက်အထား အခြေပြု ဆေးပညာကုသရေး နှင့် ပြည်သူ့ကျန်းမာပညာရပ်များကိုအသုံးချ၍ တာဝန်ထမ်းဆောင်အကျိုးပြုရန်အတွက် ရည်စူးကတိ ကဝတ်ပြုထားသော ကျွမ်းကျင်ကျန်းမာရေးစောင့်ရှောက်သူများကို မွေးထုတ်ပေးနိုင်ရန်၊

၃။ ကျန်းမာရေးနှင့်လူမှုဖူလုံရေးရလဒ်များသိသာထင်ရှားစွာ တိုးတက်လာစေရန်အတွက်ဒေသခံလူထု ၏ လက်ရှိနှင့်အနာဂတ်လိုအပ်ချက်များနှင့် ကိုက်ညီသည့် ကျန်းမာရေးလုပ်သားအင်အားဖြန့်ဖြူးမှု တိုးမြှင့်ခြင်းမှတဆင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် တဖက်တလမ်းအားဖြည့် ဆောင်ရွက်ရန်။

**ဆေးကောလိပ်၏ စံတန်ဖိုး**

အရည်အချင်းပြည့်ဝခြင်း၊ ဂရုဏာပြည့်ဝခြင်း၊ မတူကွဲပြားမှု၌ပေါင်းစည်းခြင်း၊ ဆန်းသစ်ကြံဆခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

**လျှောက်ထားသူ၏လိုအပ်ချက်များ**

- အသက် (၁၇) နှစ် မှ (၂၃) နှစ် အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့) နယ်စပ်ကျောင်းများမှ (၁၂)တန်း အောင်မြင်ပြီးသူ (သို့) GED High School Certificate/ Diploma ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။
- ဝေးလံခေါင်ဖျားတိုင်းရင်းသားဒေသများတွင်ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်စိတ်အားထက် သန်သူ ဖြစ်ရမည်။
- လူထုအကျိုးပြုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ရန်ဆန္ဒရှိသူ ဖြစ်ရမည်။
- သင်တန်းကာလအစမှအဆုံး (၅)နှစ် ပြီးမြောက်အောင်တက်ရောက်နိုင်သူ ဖြစ်ရမည်။
- ဆေးပညာအားစိတ်ဝင်စားပြီး စဉ်ဆက်မပြတ် ပညာဆည်းပူးရန်စိတ်အားထက်သန်သူ ဖြစ်ရမည်။

**လျှောက်ထားပုံအဆင့်ဆင့်**

အဆင့် ၁။ ။ ဝင်ခွင့်လျှောက်လွှာ ရယူခြင်း။

ဝင်ခွင့်လျှောက်လွှာများကို သက်ဆိုင်ရာကရင်တိုင်းရင်းသားကျန်းမာရေးဌာနရုံးများတွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက် နေ့ မှစတင်၍ ရယူနိုင်ပါသည်။

အဆင့် ၂။ ။ လျှောက်လွှာဖြည့်စွက်ခြင်း။

လျှောက်လွှာဖြည့်စွက်ရာတွင် တတ်နိုင်သမျှ ရှင်းလင်းပြည့်စုံစွာ ဖြည့်စွက်ပါ။ ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော လျှောက်လွှာများကို ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် ရွေးချယ်မှု အတွက်ထည့်သွင်းစဥ်းစားမည်မဟုတ်ပါ။

အဆင့် ၃။ ။ လျှောက်လွှာပေးပို့ခြင်း။

လျှောက်လွှာများကို မိမိနှင့်သက်ဆိုင်ရာ ကရင်တိုင်းရင်းသားကျန်းမာရေးဌာန ရုံးများတွင် ၂၀၂၆ ခုနှစ်၊ မတ်လ (၆) ရက် နေ့ ညနေ (၅း၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရပါမည်။

အဆင့် ၄။ ။ ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုခြင်း။

လျှောက်လွှာအချက်အလက်ပြည့်စုံ၍ သတ်မှတ်ထားသည့်ကျောင်းသားရွေးချယ်ခြင်းအချက်အလက်များနှင့်ကိုက်ညီသူများအားဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကို ၂၀၂၆ ခု နှစ်၊ မတ်လ(၂၇)ရက်နေ့တွင် အကြောင်းကြားမည်ဖြစ်သည်။ ဝင်ခွင့်ရေးဖြေစာမေးပွဲအား ၂၀၂၆ ခုနှစ်၊ မတ်လ(၃၀)ရက် ရက်နေ့တွင် ဘားအံမြို့နယ် ၊ KEHOC ရုံး၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုမြိုင်ရှိ ကရင်ဆေးကောလိပ်ကျောင်း နှင့် ကော့ကရိတ်မြို့နယ်၊ နော်တယာ KNU/KNLA-PC ကျန်းမာရေး ဌာနချုပ်ရုံးတို့တွင်(၃)နေရာခွဲ၍ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဝင်ခွင့်ရေးဖြေစာမေးပွဲတွင်

- အင်္ဂလိပ်စာ - ၄၀%
- ဇီဝဗေဒ - ၃၀ %
- ဓာတုဗေဒ - ၂၀ %
- ရူပဗေဒ - ၁၀% ဖြေဆိုရမည်ဖြစ်သည်။

*အင်္ဂလိပ်စာ နှင့် အခြားဘာသာရပ်များအတွက် အခြေခံပညာအထက်တန်း (တက္ကသိုလ်ဝင်တန်း) သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို မှီငြမ်းလေ့လာနိုင်ပါသည်။

အဆင့် ၅။ ။ ဝင်ခွင့်ရေးဖြေစာမေးပွဲအောင်စာရင်းကြေငြာခြင်း။

ဝင်ခွင့် ရေးဖြေစာမေးပွဲ ဖြေဆို အောင်မြင်သူများ ကို ၂၀၂၆ ခုနှစ်၊ မတ်လ(၃၀)ရက် နေ့တွင် ကရင်ဆေးကောလိပ် နှင့် သက်ဆိုင်ရာ ကရင်တိုင်းရင်းသားကျန်းမာရေး ဌာန ရုံးများတွင်ကြေငြာပေးသွားမည်ဖြစ်သည်။

အဆင့်၆။ ။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခြင်း။

ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများ အားလုံးသည် လူတွေ့ နှုတ်ဖြေစာမေးပွဲအား ၂၀၂၆ ခုနှစ်၊ မတ်လ(၃၁)ရက် နေ့တွင် ဘားအံမြို့နယ် KEHOC ရုံး ၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုမြိုင်ရှိ ကရင်ဆေးကောလိပ်ကျောင်း နှင့် ကော့ကရိတ်မြို့နယ်၊ နော်တယာ KNU/KNLA-PC ကျန်းမာရေး ဌာနချုပ်ရုံး တို့တွင် (၃) နေရာခွဲ၍ကျင်းပပြုလုပ်မည်ဖြစ်သည်။

လူတွေ့နှုတ်ဖြေစာမေးပွဲတွင် လျှောက်ထားသူ၏စိတ်အားထက်သန်မှု၊ ပြောဆိုဆက်သွယ်မှုအရည်အချင်း၊ အထွေထွေဗဟုသုတနှင့် ကိုယ်ရည်ကိုယ်သွေးများကို အကဲဖြတ်၍ မေးမြန်းသွားမည် ဖြစ်သည်။ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများ သာလျှင် သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

အဆင့် ၇။ ။ လူတွေ့နှုတ်ဖြေစာမေးပွဲအောင်စာရင်းထုတ်ပြန်ခြင်း။

လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ပြီး၊ ကျောင်းဝင်ခွင့်ရရှိသူများကို ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၀) ရက် နေ့တွင် ကရင်ဆေးကောလိပ်ကျောင်း နှင့် သက်ဆိုင်ရာ ကရင်တိုင်းရင်းသား ကျန်းမာရေးဌာန ရုံးများတွင် ကြေငြာပေးသွားမည်ဖြစ်သည်။

အဆင့် ၈။ ။ တက်ရောက်နိုင်ခြင်းရှိ/မရှိ အကြောင်းကြားခြင်း။

ဝင်ခွင့်ရရှိသူများသည် သင်တန်းသို့တက်ရောက်နိုင်ခြင်းရှိ/မရှိကို မိမိသက်ဆိုင်ရာ ကရင်တိုင်းရင်းသားကျန်းမာရေးဌာနများ၏ တာဝန်ခံများအား ၂၀၂၆ ခုနှစ်၊ ဧပြီလ(၂၀ )ရက်နေ့၊ ညနေ (၅း၀၀)နာရီ နောက်ဆုံးထားပြီးအတည်ပြုအကြောင်းကြားရမည်။

**မှတ်ချက်။ ။ဝင်ခွင့်ရရှိသူများသည် သတ်မှတ်ထားသော နေ့ရက်အတွင်း တက်ရောက်နိုင်ခြင်းရှိ/မရှိကိုအတည်ပြုအကြောင်းကြားခြင်းမရှိပါက၊ အခြားလျှောက်ထားသူများအားအစားထိုးရွေးချယ်သွားမည်ဖြစ်ပါသည်။**

အဆင့် ၉။ ။ သင်တန်းစတင်တက်ရောက်ခြင်း။

ဝင်ခွင့်ရရှိထားသောကျောင်းသူ/သားများသည် ၂၀၂၆ ခုနှစ်၊ မေလ (၈)ရက်နေ့ နောက်ဆုံးထား၍ သင်တန်းကျောင်းသို့ ရောက်ရှိ ကျောင်းအပ်နှံရမည် ဖြစ်ပြီး၊ ၂၀၂၆ ခုနှစ်၊ မေလ(၁၁) ရက်နေ့မှစ၍ ကရင်ဆေးကောလိပ်၊ ပထမနှစ်(B.Sc (PA) သင်တန်း အမှတ်စဥ် (၄) အား သင်တန်းစတင် တက်ရောက်ရမည် ဖြစ်သည်။

**လျှောက်ထားသူများသိထားရမည့်နေ့ရက်များ**

| | |
|---|---|
| ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့ | လျှောက်လွှာစတင်ရယူနိုင်သည့်ရက် |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၆) ရက်နေ့ | လျှောက်လွှာနောက်ဆုံးထားပေးပို့ရမည့်နေ့ရက် |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့ | ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရှိသူများအားကြေငြာမည့်နေ့ရက် |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့ | ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက် |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့ | ဝင်ခွင့်ရေးဖြေစာမေးပွဲအောင်စာရင်းကြေငြာမည့်ရက် |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ | လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့်ရက် |
| ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့ | လူတွေ့နှုတ်ဖြေစာမေးပွဲအောင်စာရင်းကြေငြာမည့်နေ့ရက် |
| ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့ | တက်ရောက်နိုင်ခြင်းရှိ/မရှိ<br>နောက်ဆုံးထားအကြောင်းကြားရမည့်နေ့ရက် |
| ၂၀၂၆ ခုနှစ်၊ မေလ (၈)ရက်နေ့ | သင်တန်းကျောင်းသို့ နောက်ဆုံးထားရောက်ရှိရမည့်နေ့ရက် |
| ၂၀၂၆ ခုနှစ်၊ မေလ (၁၁) ရက်နေ့ | ကျောင်းစတင်ဖွင့်လှစ်မည့်ရက် |

**သင်တန်းစရိတ်**

(က)နေထိုင်စားသောက်စရိတ်

ကျောင်းသူကျောင်းသားများသည် လစဉ်အဆောင်နေထိုင်ခြင်းနှင့် စားသောက်စရိတ်အတွက် တစ်လလျှင် **၁၈၀,၀၀၀ကျပ်** ပေးဆောင်ရမည်ဖြစ်သည်။

(ခ)အခြားစရိတ်

ကျောင်းသားရေးရာ ကိစ္စရပ်များနှင့် အခြားစီမံခန့်ခွဲမှုဆိုင်ရာ ကုန်ကျစရိတ်များအတွက် ကျောင်းသူကျောင်းသားတစ်ဦးမှ တစ်လလျှင် **၂၀,၀၀၀ကျပ်** ပေးဆောင်ရမည်ဖြစ်သည်။

**ဝင်ခွင့်လျှောက်လွှာနှင့်အတူပူးတွဲပေးပို့ရမည့်အချက်အလက်များ**

၁။ ပညာရေးနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ (အခြေခံပညာ အထက်တန်းအောင်မြင်ကြောင်း လက်မှတ်၊ သင်တန်းဆင်းလက်မှတ်များ၊ ဘွဲ့လက်မှတ်များ စသည်ဖြင့်)
၂။ နိုင်ငံသားမှတ်ပုံတင်မိတ္တူတစ်စုံ (သို့မဟုတ်) အခြားတူညီသောအထောက်အထားမိတ္တူတစ်စုံ
၃။ သက်ဆိုင်ရာ ကရင်တိုင်းရင်းသားကျန်းမာရေးဌာနများ၏ သဘောတူထောက်ခံချက် (သို့) လူမှုရေး အဖွဲ့ အစည်းထောက်ခံချက်။
၄။ ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံချက် (သက်ဆိုင်ရာတိုင်းရင်းသားကျန်းမာရေးဌာနများမှ ) နှင့်အတူ ၆ လ အတွင်း ဆေးစစ်ထားသော (အသည်းရောင် အသားဝါ B ပိုး , C ပိုး နှင့် HIV ပိုး) ဆေးလက်မှတ် နှင့်တကွ ပူးတွဲပေးပို့ရန်။
၅။ ကိုယ်ကျင့်တရားကောင်းမွန်ကြောင်းထောက်ခံချက်။ (သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး)

မှတ်ချက်။ ။ ဝင်ခွင့်လျှောက်လွှာ နှင့်အတူ အထက်ပါ စာရွက်စာတမ်းများအားလုံးကို ၂၀၂၆ ခုနှစ်၊ မတ်လ (၆) ရက်နေ့ ရက်နေ့ ညနေ (၅း၀၀) နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည် ဖြစ်သည်။ သတ်မှတ်ရက်ထက် နောက်ကျ၍ ပေးပို့လာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**<u>လျှောက်လွှာရယူပေးပို့နိုင်သည့်နေရာများ</u>**

**၁။ ဘားအံမြို့နယ်**

- **နန့်သိမ့်ပိုပိုအောင် (အုပ်ချုပ်မှုနှင့် လူ့စွမ်းအားဖွံ့ဖြိုးရေး မန်နေဂျာ)**
  ကရင့်ပြန်လည်ဝင်ရောက်ရေးနှင့်ပြန်လည်ထူထောင်ရေးကော်မတီ (KRRC)
  လိပ်စာ - နောင်ခလိုင်ကျေးရွာ, ဘားအံမြို့နယ်။
  ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉၇၇၈၈၉၂၃၆၂

- **စောကိုစိုး (အုပ်ချုပ်မှုနှင့် လူ့စွမ်းအားဖွံ့ဖြိုးရေး မန်နေဂျာ)**
  ကရင်တိုင်းရင်းသားကျန်းမာရေး ပူးပေါင်းအဖွဲ့အစည်း (KEHOC)
  လိပ်စာ - ဘားအံ-မော်လမြိုင်အမြန်လမ်း၊ နောင်လုံဆီဆိုင်အနီး၊ ကော့ကျိုက်၊ ဘားအံမြို့နယ်။
  ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉၇၇၃၀၉၃၅၄၂

## ၂။ ကော့ကရိတ်မြို့နယ်

- **စောကျော်လှ (ဌာနမှူး၊ KNU/KNLA-PC ကျန်းမာရေးဌာန)**
  လိပ်စာ - KNU/KNLA-PC ကျန်းမာရေးရုံး၊ နော်တရာ၊ ထို့ကောကိုးကျေးရွာ။
  ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉၄၅၃၄၇၅၆၄၀

## ၃။ ကြာအင်းဆိပ်ကြီးမြို့နယ်

- **စောဖိုးတု (ကျန်းမာရေးတာဝန်ခံ, DKBA ကျန်းမာရေးဌာန - အနောက်ဒေါန)**
  လိပ်စာ - ထီးဝါးကလူးဆေးခန်း၊ ကျိုက်ဒုံ၊ ကြာအင်းဆိပ်ကြီးမြို့နယ်။
  ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉၄၅၃၉၅၂၁၅၂

## ၄။ မြဝတီမြို့နယ်

- **စောကြည်ဦး (ဒု-ဌာနမှူး, DKBA ကျန်းမာရေးဌာန - အရှေ့ဒေါန)**
  လိပ်စာ - ဆုံဆည်းမြိုင်၊ မြဝတီမြို့နယ်။
  ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉၇၅၃၅၅၃၆၁၅

- **နော်ဆဲဆဲဝါး (ဌာနကြီးမှူး - ကရင်အမျိုးသားတပ် ကျန်းမာရေးဌာန)**
  လိပ်စာ - ရွှေကုက္ကိုမြိုင်၊ မြဝတီမြို့နယ်။
  ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉၇၈၂၁၈၆၂၂၈၊ ၀၉၆၇၅၇၅၁၅၁၈

- **ဗိုလ်မှူးစောထွန်းမြင့်အောင် (စစ်ဒေသ(၄)၊ ဆေးဌာနမှူး၊ ကရင်အမျိုးသားတပ် ကျန်းမာရေးဌာန )**
  လိပ်စာ - အမှတ်(၄)၊ စစ်ဒေသ၊ မြဝတီမြို့နယ်။
  ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉၇၅၁၂၆၂၇၇၅

- **နော်သူဇာဝင်း (တပ်မဟာ (၁) ၊ ဆေးဌာနမှူး - DKBA ကျန်းမာရေးဌာန)**
  လိပ်စာ -လူခို့ထရွာ၊ တပ်မဟာ (၁) ၊ ဆေးပေးခန်း
  ဆက်သွယ်ရန် ဖုန်းနံပါတ် - ၀၉၇၉၄၀၄၁၃၈ (ထိုင်းဖုန်း)

**၅။ ကရင်တိုင်းရင်းသားကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန (KDHW ခရိုင်နှင့်မြို့နယ်ရုံးများ ကိုယ်စား)**

- **စောကိုစိုး (အုပ်ချုပ်မှုနှင့် လူ့စွမ်းအားဖွံ့ဖြိုးရေး မန်နေဂျာ)**
  ကရင်တိုင်းရင်းသားကျန်းမာရေး ပူးပေါင်းအဖွဲ့အစည်း (KEHOC)
  လိပ်စာ - ဘားအံ-မော်လမြိုင်အမြန်လမ်း၊ နှောင်လုံဆီဆိုင်အနီး၊ ကော့ကျိုက်၊ ဘားအံမြို့နယ်။
  ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉၇၇၃၀၉၃၅၄၂

**၆။ လှိုင်းဘွဲ့မြို့နယ်**

- **ဗိုလ်မှူးစောဝင်းနိုင် (စစ်ဒေသ(၁) ၊ ဆေးဌာနမှူး - ကရင်အမျိုးသားတပ် ကျန်းမာရေးဌာန)**

  လိပ်စာ - မြိုင်ကြီးငူ၊ နန်းသီလာမြိုင် သံဃာ့ဆေးရုံ
  ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉၂၆၆၃၁၂၇၁၇

***လျှောက်ထားသူများသိရှိရန်။ “ဝင်ခွင့်လျှောက်လွှာကို ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိပါက ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်အတွက်ရွေးချယ်စဉ်းစားမည် မဟုတ်ပါ။”***